
မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
စုံစမ်းစစ်ဆေးမှုယန္တရား

# သတင်းလွှာ

အတွဲ ၁၃

ဖေဖော်ဝါရီလ ၂၀၂၅

## ယန္တရားအကြီးအကဲ၏ အမှာစာ



မြန်မာစစ်တပ်က ရွေးကောက်ခံအစိုးရကို ဖယ်ရှားခဲ့သည့် လေးနှစ်တာကာလအတွင်း၊ လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ဆက်လက်ဖြစ်ပွားနေပြီး အပြစ်ပေးအရေးယူခြင်းလည်း မရှိပါ။ အရပ်သားများကို မရှောင်ရှားသော လေကြောင်း တိုက်ခိုက်မှုများ၊ အမြောက်များ၊ ဒရုန်းများဖြင့်တိုက်ခိုက်ရာတွင် အရပ်သားသေဆုံးမှုများ၊ နေအိမ်များ၊ ဆေးရုံများ၊ ကျောင်းများနှင့် ဝတ်ပြုရာနေရာများကို မီးရှို့ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အပါအဝင် ထိန်းသိမ်းခံထားရသူများအား ညှဉ်းပန်းနှိပ်စက်ခြင်းများအကြောင်း သတင်းပေးပို့ချက်အသစ်များကို ကျွန်တော်တို့အပတ်စဉ် စုဆောင်းရရှိသည်။

ဇန်နဝါရီလတွင် ကျွန်တော်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့ရာ၊ ယန္တရားနှင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ပြီး၊ စုံစမ်းစစ်ဆေးမှုများ ချောမွေ့အောင်ကူညီပေးသည့် ဘင်္ဂလားဒေ့ရှ် အစိုးရကို ကျေးဇူးတင်ကြောင်း ပြောခွင့်ရခဲ့ပါသည်။ ကော့ဘဇားတွင် ရိုဟင်ဂျာအရေး တက်ကြွလှုပ်ရှားသူများနှင့်တွေ့ဆုံပြီး အမြင်ချင်း ဖလှယ်ခဲ့သည်။ ၎င်းတို့ကမြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်မတော်တို့ကြား တိုက်ပွဲပိုဖြစ်နေသည့် လတ်တလောအခြေအနေများကို စိုးရိမ်ကြောင်း ပြောပြခဲ့ကြသည်။ ထို့အပြင် ရခိုင်ပြည်နယ်တွင် ကျန်ရှိနေသည့် ရိုဟင်ဂျာများ၏ နေရေးထိုင်ရေးသည်လည်း ပို၍ခက်ခဲလာကြောင်း ပြောကြသည်။ အင်တာနက်နှင့် ဖုန်းဆက်သွယ်မှုများ ပိတ်ပင်ထားခြင်းနှင့် လုံခြုံရေးအခြေအနေကြောင့် လတ်တလောဖြစ်စဉ်များအကြောင်း ရှင်းရှင်းလင်းလင်းသိရန် အလွန်ခက်ခဲသော်လည်း၊ ယန္တရားသည် လတ်တလောတိုက်ပွဲများနှင့် ဆက်စပ်နေသည်ဟု စွပ်စွဲခံရသော ရာဇဝတ်မှုဆိုင်ရာအထောက်အထားများကို စုဆောင်းလျက်ရှိသည်။ ယင်းတို့တွင် မှုခင်းဖြစ်ရပ်ကို တိုက်ရိုက်သိရှိသူများ၏ ထွက်ဆိုချက်များလည်း ပါဝင်သည်။ ယန္တရားသည် ထိခိုက်နစ်နာသူများနှင့် ရာဇဝတ်မှုကျူးလွန်သူများ၏ လူမျိုး၊ ဘာသာ သို့မဟုတ် နိုင်ငံရေးရပ်တည်ချက်များကိုမူတည်၍ ခွဲခြားဆက်ဆံခြင်း မပြုဘဲ၊ ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများကို စုဆောင်းရန် လုပ်ပိုင်ခွင့်အတိုင်း ဆောင်ရွက်ပါသည်။


ကော့ဘဇားတွင် ကျွန်တော်နှင့် စကားပြောခဲ့သော ရိုဟင်ဂျာများစွာသည် မျှော်လင့်ချက်ကင်းမဲ့နေကြောင်း ဆိုကြသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းက သူတို့တို့ကို မေ့ထားပြီး၊ သူတို့ကျူးလွန်ခံရသည့် ရာဇဝတ်မှုများအတွက် ဘယ်တော့မှ တရားမျှတမှုရရှိမည် မဟုတ်ဟု ခံစားနေကြသည်။ သို့သော် ယန္တရား၏ လုပ်ဆောင်မှုများအတွက် ကျေးဇူးတင်ကြောင်းဆိုခဲ့ကြပြီး၊ တာဝန်ခံမှုရရှိရေး ဆောင်ရွက်ချက်များတွင် တိုးတက်မှုများကို ကြားသိရသည့်အတွက် ဝမ်းမြောက်နေကြသည်။

ယန္တရားသည် နိုင်ငံတကာရာဇဝတ်ခုံရုံး (အိုင်စီစီ) ၏ တရားလိုရှေ့နေရုံးနှင့် အာဂျင်တီးနား ဖက်ဒရယ်အစိုးရရှေ့နေရုံးထံ များပြားလှသော အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို မျှဝေပေးခဲ့သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အိုင်စီစီ၏ တရားလိုရှေ့နေရုံးက မြန်မာစစ်တပ်၏ အမြင့်ဆုံးရာထူးရှိသူ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရိုဟင်ဂျာများကို နိုင်ငံတွင်းမှနှင်ထုတ်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းဖြင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ဖမ်းဝရမ်းထုတ်ရန် တောင်းဆိုခဲ့သည်။ ယခုလတွင် အာဂျင်တီးနား ဖက်ဒရယ်ရာဇဝတ်ခုံရုံးက မင်းအောင်လှိုင်နှင့် အခြားသံသယရှိသူ ၂၄ ဦးအား အမှုနှင့်ဆိုင်သော မေးခွန်းများကို တရားရုံးတွင် ဖြေကြားရန်အတွက် ဖမ်းဆီးမိန့်ထုတ်ပြန်ခဲ့သည်။ ဤလတ်တလောတိုးတက်မှုများသည် မည်သူမျှ ဥပဒေအထက်တွင်မရှိကြောင်း ရာဇဝတ်မှုကျူးလွန်သူများထံ ပြင်းထန်သော သတင်းစကားပေးလိုက်ခြင်းဖြစ်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။

မကြာသေးမီက ဆီးရီးယားတွင်ဖြစ်ခဲ့သည့် အခြေအနေများက သက်သေပြနေသလို၊ မျှော်လင့်မထားသောအချိန်တွင် အနေအထားများ ပြောင်းလဲနိုင်ကြောင်း ကျွန်တော်နှင့် တွေ့ဆုံသည့် ရိုဟင်ဂျာများကို ပြောခဲ့ပါသည်။ ယန္တရားသည် နိုင်ငံအတွင်း ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများနှင့်သက်ဆိုင်သည့် အထောက်အထားများကိုတစိုက်မတ်မတ် စုဆောင်းနေပါသည်။ ယင်းအထောက်အထားများကို ထိန်းသိမ်းထားခြင်းဖြင့် တနေ့တွင် ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုအရေးယူနိုင်မည့် တရားရုံးတစ်ရုံး ရှိလာသည့်အခါ အသင့်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

**နီကိုလတ်စ်ခွန်ဂျန်**

# အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးသတင်း




## ရန်ပုံငွေ

ယန္တရားသည် ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ်အတည်ပြုထားသော ပုံမှန်ဘတ်ဂျက်ဖြင့် လည်ပတ်နေပြီး လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရန် လိုအပ်သော ရင်းမြစ်များ၊ ဝန်ထမ်းများနှင့် ကျွမ်းကျင်မှုများအတွက် အဆိုပါဘတ်ဂျက်ကို အသုံးပြုသည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများကလည်း စေတနာအလျောက် ရန်ပုံငွေများ ထည့်ဝင်ကြသည်။

ယန္တရားသည် ဩစတြေးလျ၊ ဩစတြီးယား၊ ကနေဒါ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ မော်လ်တာ၊ ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့က စေတနာအလျောက်ထည့်ဝင်သည့်ရန်ပုံငွေများအတွက် ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

လတ်တလောဖြစ်ပေါ်နေသည့်အခြေအနေများကြောင့်၊ အဓိကအလှူရှင်များ၏ ရန်ပုံငွေဖြင့် လုပ်ဆောင်နေသော စီမံကိန်းများ၏ အနာဂတ်သည် ရေရာမှု မရှိပါ။ ထို့ကြောင့် ယန္တရားသည် နောက်ထပ်ရန်ပုံငွေထည့်ဝင်မှုများကို ကြိုဆိုပါသည်။ နောက်ထပ်ရန်ပုံငွေများသည် ယန္တရား၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန်၊ သက်သေများကို ကာကွယ်ပံ့ပိုးပေးရန်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။

### ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းများ

**၃၃**

ထိခိုက်နစ်နာသူများ၊ အသက်ရှင်ကျန်ရစ်သူများ၊ အချက်အလက်ပေးသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှု ၃၃ ကြိမ် ပြုလုပ်ခဲ့သည်။

**၁၇၆**

အသက်ရှင်ကျန်ရစ်သူများနှင့် သက်သေများထံမှ ပြောဆိုချက်ပေါင်း ၁၇၆ ခုကို စုဆောင်းခဲ့သည်။

**၆၀**

အချက်အလက်နှင့် စိစစ်သုံးသပ်ချက် ဖိုင်တွဲပေါင်း ၆၀ မျှဝေခဲ့သည်။

# ကလေးများကို ကျူးလွန်သည့် ရာဇဝတ်မှုများ

ယန္တရားကစုဆောင်းရရှိပြီး စိစစ်သုံးသပ်ထားသည့် အထောက်အထားများအရ၊ မြန်မာလုံခြုံရေးတပ်ဖွဲ့များနှင့် လက်နက်ကိုင်အဖွဲ့များသည် တိုင်းရင်းသားလူမျိုးစုပေါင်းစုံမှ ကလေးများကို တိုက်ရိုက်ပစ်မှတ်ထား သတ်ဖြတ်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြုအကြမ်းဖက်မှုများ အပါအဝင် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ကြောင်း တွေ့ရှိရသည်။ မကြာခဏဆိုသလို ကလေးများကို ၎င်းတို့၏ မိဘများကိုယ်စား တရားလက်လွတ်ဖမ်းဆီးပြီး၊ အသက် ၁၅ နှစ်အောက် ကလေးများကို စစ်တပ်ထဲသို့ အတင်းအဓမ္မဝင်ခိုင်းကာ တိုက်ပွဲများတွင်အသုံးချကြောင်း အထောက်အထားများရှိသည်။ ထို့အပြင် စာသင်ကျောင်းများ၊ နေအိမ်များနှင့် ဆေးရုံများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် ကလေးများ အသက်ဆုံးရှုံးရပြီး အသက်ရှင်ကျန်ရစ်သူများမှာလည်း ရေရှည်ထိခိုက်ဒဏ်ရာရရှိနေသည်ကို ယန္တရားက တွေ့ရှိထားသည်။

ယန္တရားသည် ကလေးများကိုကျူးလွန်သည့်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ ယန္တရား၏ စုံစမ်းစစ်ဆေးသူများ၊ ရှေ့နေများ၊ သုံးသပ်သူများနှင့် သက်သေထောက်ပံ့ကာကွယ်ရေးဆောင်ရွက်သူများ ပါဝင်သည့်အဖွဲ့သည် အဆိုပါရာဇဝတ်မှုမျိုးကို စုံစမ်းစစ်ဆေးရာတွင် အတွေ့အကြုံများစွာရှိပြီး၊ ထိခိုက်နစ်နာသူကလေးများ၊ သက်သေများကို ဂရုစိုက်ကာ လုပ်ငန်းများဆောင်ရွက်ပါသည်။ ရာဇဝတ်မှုများကျူးလွန်ခံခဲ့ရသည့်အချိန်က ကလေးအရွယ်သာရှိသေးသော သက်သေများနှင့် တွေ့ဆုံမေးမြန်းရန်အတွက်လည်း လိုအပ်သည့် ကျွမ်းကျင်မှုများရှိသည်။ လွန်ခဲ့သည့်နှစ်အတွင်း ယန္တရား၏ ဝန်ထမ်းများသည် ကလေးများကိုကျူးလွန်သည့် ရာဇဝတ်မှုများဖြစ်ပွားခဲ့ခြင်း ရှိ/မရှိ သတိပေးသည့်လက္ခဏာများကိုသိရှိရန် သင်တန်းတက်ခဲ့ကြသည်။ ထို့အပြင်၊ ယင်းရာဇဝတ်မှုများ ကျူးလွန်ပုံ၊ ထိခိုက်နစ်နာသူများနှင့် လူ့အဖွဲ့အစည်းများအပေါ် သက်ရောက်သည့် ယဉ်ကျေးမှုနှင့် ဂျင်ဒါဆိုင်ရာ အခြေအနေများကို နားလည်ရန် လေ့ကျင့်မှုများ ရရှိခဲ့သည်။

# ဘင်္ဂလားဒေ့ရှ်ခရီးစဉ်

ယန္တရား၏ အကြီးအကဲ နီကိုလတ်စ်ခွန်ဂျန်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးရက်ကြာ တရားဝင် ခရီးစဉ် သွားရောက်ခဲ့ရာ ဒါကာမြို့၌ အဆင့်မြင့်အစိုးရအရာရှိများနှင့် တွေ့ဆုံခဲ့သည်။ ၎င်းတို့သည် ရိုဟင်ဂျာများအား ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် တိုးတက်မှုများ၊ တာဝန်ခံမှုရရှိရေး လုပ်ငန်းစဉ်များ၏ နောက်ဆုံးအခြေအနေများနှင့် နယ်စပ်တလျှောက်ရှိ လက်ရှိအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ၇၉ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် သဘောတူခဲ့သည့်အတိုင်း၊ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမူဆလင်နှင့် အခြားလူနည်းစုများ၏ အခြေအနေဆိုင်ရာ အဆင့်မြင့်ညီလာခံတွင် တာဝန်ခံမှုနှင့် တရားမျှတမှုရရှိရေး ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးကြောင်း ဆွေးနွေးခဲ့ကြသည်။

မစ္စတာခွန်ဂျန်သည် ကော့ဘဇားရှိ ဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာအရေးတက်ကြွလှုပ်ရှားသူများနှင့် လူထုကိုယ်စားလှယ်ပေါင်း ၁၀၀ ကျော်နှင့် တွေ့ဆုံခဲ့ပြီး၊ ယန္တရား၏ လုပ်ငန်းတိုးတက်မှုများနှင့်ပတ်သက်၍ ၎င်းတို့၏ မေးခွန်းများကို ဖြေကြားခဲ့သည်။ မစ္စတာခွန်ဂျန်က ရခိုင်ပြည်နယ်ရှိ ၎င်းတို့နေအိမ်များသို့ ဘေးကင်းလုံခြုံစွာ ပြန်နိုင်ရေးနှင့် အနာဂတ်ငြိမ်းချမ်းရေးအတွက် တရားမျှတမှုဖြစ်ထွန်းရေးသည် အရေးကြီးကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်တွင်ရှိနေစဉ်၊ မစ္စတာခွန်ဂျန်သည် BRAC တက္ကသိုလ်၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုစင်တာတွင် ယန္တရား၏ စိန်ခေါ်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ဟောပြောပို့ချခဲ့သည်။ ထိုဟောပြောပွဲကို ပညာရှင်များ၊ ရှေ့နေများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းထောက်များနှင့် ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။



Photos by IIMM, the Government of Bangladesh and BRAC University

# နိုင်ငံတကာနှင့် နိုင်ငံတွင်း အမှုများ၏ နောက်ဆုံးအခြေအနေများ

## နိုင်ငံတကာရာဇဝတ်ခုံရုံး (အိုင်စီစီ)

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင်၊ အိုင်စီစီ၏ တရားလိုရှေ့နေရုံးသည် မြန်မာနိုင်ငံကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရိုဟင်ဂျာများကို နိုင်ငံတွင်းမှနှင်ထုတ်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းဖြင့် လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်သောကြောင့် ဖမ်းဝရမ်းထုတ်ရန် တောင်းဆိုထားကြောင်း ကြေညာခဲ့သည်။ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များအတွင်း ရိုဟင်ဂျာများ သိန်းနှင့်ချီ၍ ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ငါးနှစ်ကြာ စုံစမ်းစစ်ဆေးမှုလုပ်ပြီးနောက် ယင်းသို့ တောင်းဆိုခဲ့ခြင်းဖြစ်သည်။ အိုင်စီစီ တရားခွင်အကြိုတရားရုံးမှ တရားသူကြီးများအဖွဲ့သည် တရားလိုရှေ့နေ၏ တောင်းဆိုချက်နှင့် အထောက်အထားများကို သုံးသပ်ပြီး ဖမ်းဝရမ်းထုတ်၊ မထုတ် ဆုံးဖြတ်မည်ဖြစ်သည်။ တရားလိုရှေ့နေရုံးက နောက်ထပ်ဖမ်းဝရမ်းများ တောင်းခံရန် ရည်ရွယ်ထားကြောင်းလည်း ဖော်ပြခဲ့သည်။

ယန္တရားသည် အိုင်စီစီနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ပြီး အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များစွာကို မျှဝေခဲ့သည်။ ယန္တရားသည် အိုင်စီစီနှင့်အတူပူးတွဲ၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကလေးများကိုကျူးလွန်သည့်ရာဇဝတ်မှုများ ကြုံတွေ့ခံစားခဲ့ရသူများကို တွေ့ဆုံမေးမြန်းခဲ့သည်။

## နိုင်ငံတကာတရားရုံး (အိုင်စီဂျေ)

ဂမ်ဘီယာက အိုင်စီဂျေသို့ တင်သွင်းထားသည့် လက်ရှိအမှု၌ ကြားဝင်ဆောင်ရွက်လိုသည့် နိုင်ငံများစာရင်းတွင် နိုင်ငံအသစ်များ ပိုတိုးလာသည်။ ယင်းအမှုတွင် မြန်မာနိုင်ငံသည် လူမျိုးပြုန်းစေမှုဆိုင်ရာပြစ်မှုများမှ ကာကွယ်ရေးနှင့် ပြစ်ဒဏ်ချမှတ်ရေး သဘောတူစာချုပ်အရ ရိုဟင်ဂျာများအား လူမျိုးပြုန်းစေမှုကို တားဆီးရန်နှင့် အပြစ်ပေးရန် ပျက်ကွက်ခဲ့သည်ဟု စွပ်စွဲထားသည်။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် အိုင်စီဂျေသည် ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ မော်လ်ဒိုက်၊ နယ်သာလန်နှင့် ယူကေတို့မှ တင်သွင်းခဲ့သော ကြားဝင်ဆောင်ရွက်ရေးဆိုင်ရာ ကြေညာချက်များကို လက်ခံခဲ့သည်။ ၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် ဘယ်လ်ဂျီယမ်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အိုင်ယာလန်နှင့် ဆလိုဗေးနီးယား နိုင်ငံတို့ကလည်း ကြားဝင်ဆောင်ရွက်ရေးဆိုင်ရာ ကြေညာချက်များကို အသီးသီးတင်သွင်းခဲ့သည်။ နှုတ်ဖြင့်ငြင်းခုံမှုများကို ယခုနှစ်အတွင်း စတင်ကြားနာမည်ဟု မျှော်မှန်းရသည်။

ယန္တရားသည် အချက်အလက်မျှဝေပေးသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ သဘောတူခွင့်ပြုချက်များဖြင့် အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို နှစ်ဖက်စလုံးနှင့် မျှဝေခဲ့သည်။

## အာဂျင်တီးနားဖက်ဒရယ်ရာဇဝတ်ခုံရုံး

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အာဂျင်တီးနား ဖက်ဒရယ်ရာဇဝတ်ခုံရုံးသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် လူမျိုးပြုန်းစေမှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးမှု၏တစိတ်တပိုင်းအဖြစ်၊ မြန်မာစစ်တပ်၊ လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားအစိုးရအဖွဲ့မှ သံသယရှိသူ ၂၅ ဦးအား ဖမ်းဆီးမိန့်ထုတ်ပြန်ခဲ့သည်။ ဤသို့ဖမ်းဆီးမိန့်ထုတ်ပြန်ခြင်းသည် စွဲချက်တင်ခြင်း၏ အကြိုစုံစမ်းစစ်ဆေးမှုအဆင့်ဖြစ်သော ပဏာမကြားနာမှုအတွက် တရားရုံးရှေ့မှောက်သို့ ခေါ်ဆောင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထို့နောက် သံသယရှိသူများကို သီးခြားစွဲချက်ဖြင့် ရုံးတင်စစ်ဆေးရန် ရှိ၊ မရှိ တရားရုံးက ဆုံးဖြတ်မည်ဖြစ်သည်။

ယန္တရားသည် အာဂျင်တီးနား ဖက်ဒရယ်အစိုးရရှေ့နေရုံးထံ အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များမျှဝေခြင်းဖြင့် ပံ့ပိုးနေသည်။

## အခြားသော ကမ္ဘာလွှမ်းခြုံတရားစီရင်ခွင့် လုပ်ငန်းစဉ်များ


ယူကေ၊ မက်ထရိုပိုလီတန် ရဲတပ်ဖွဲ့၏ အကြမ်းဖက်မှုနှိမ်နင်းရေးဌာနချုပ်သည် အိုင်စီစီကစုံစမ်းစစ်ဆေးနေသော အမှုများ၏ ဖွဲ့စည်းတည်ဆောက်ပုံများကို စတင်စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းအနက် ဘင်္ဂလားဒေ့ရှ်/မြန်မာ အခြေအနေလည်း ပါဝင်သည်။ ဤလုပ်ငန်းစဉ်တွင် သက်သေဖြစ်နိုင်သူများကို ခြေရာခံခြင်းနှင့် စွပ်စွဲထားသောအမှုများကိုစစ်ဆေးခြင်းတို့ ပါဝင်သည်။ အရေးကြီးသည့်အချက်မှာ၊ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကိုပါ စုံစမ်းစစ်ဆေးနိုင်ခြေရှိသည်။

ယူကေ၏ အမှုဖွဲ့စည်းတည်ဆောက်ပုံ စုံစမ်းစစ်ဆေးမှုမှအပ၊ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း လေးနှစ်တာအတွင်း ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများအတွက် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းစဉ်များ စတင်ခြင်းမရှိသေးပါ။ ယန္တရားသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့် စံနှုန်းများကို လိုက်နာပြီး၊ ယင်းရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးကာတရားစွဲဆိုလိုသည့် ဆန္ဒနှင့် လုပ်နိုင်စွမ်းရှိသည့် မည်သည့်တရားရေးအာဏာပိုင်များကိုမဆို ပံ့ပိုးကူညီရန် အဆင်သင့်ရှိနေပါသည်။

# လူထုဆက်ဆံရေးလုပ်ငန်း

## ဝက်ဘ်ဆိုက်

ယန္တရား၏ **ဝက်ဘ်ဆိုက်**ကို အသစ်ပြန်လည် တည်ဆောက်ထားပါသည်။ ယခုဝက်ဘ်ဆိုက်တွင် သစ်လွင်သော ဒီဇိုင်း၊ ပိုမိုရှင်းလင်းသည့် ဘာသာစကားနှင့် အသုံးပြုရလွယ်ကူသည့် အပြင်အဆင်များပါဝင်သည်။ ဝင်ရောက်ကြည့်ရှုသူများအနေဖြင့် အရေးကြီးသည့် အချက်အလက်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပိုမိုလွယ်ကူစွာ ရှာဖွေနိုင်မည်ဖြစ်သည်။




## ဘာသာစကားမျိုးစုံဖြင့် ထုတ်ဝေသည့် စာစောင်များ

မြန်မာနိုင်ငံတွင်း ကျူးလွန်သည့် ရာဇဝတ်မှုတွေကို အိုင်စီစီက စုံစမ်းစစ်ဆေးပြီး တရားစွဲနိုင်ပါသလား။ အိုင်စီစီ တရားလိုရှေ့နေ၏ ဖမ်းဝရမ်းထုတ်ရန်တောင်းဆိုမှုအား ယန္တရားက ဘယ်လိုတုံ့ပြန်ထားပါသလဲ။ ယန္တရား အကြီးအကဲက လတ်တလောဘင်္ဂလားဒေ့ရှ် ခရီးစဉ်မှာရိုဟင်ဂျာတွေကို ဘာသတင်းစကားပေးခဲ့သလဲ။ ဤအရေးကြီးသောမေးခွန်းများကို ရိုဟင်ဂျာဘာသာဖြင့် ဖြေကြားထားသည့် ဗီဒီယိုများအား ယန္တရား၏ **ဝက်ဘ်ဆိုက်** နှင့် **ဖေ့စ်ဘုတ် စာမျက်နှာ** တွင် ကြည့်ရှုနိုင်ပါသည်။




ယန္တရားဆိုတာ ဘာလဲ၊ ယန္တရားက ဘာလုပ်သလဲ၊ ယန္တရားကအချက်အလက်များ ဘယ်လိုမျှဝေသလဲ စသည့် မေးခွန်းများအတွက် အဖြေများကို ယန္တရား၏ **အချက်အလက်စာစောင်**တွင် ဖတ်ရှုနိုင်ပါသည်။ ယခုအခါ ဗမာ၊ ဂျိန်းဖော၊ ရခိုင်၊ ဖလမ်းချင်း၊ ဟားခါးချင်း၊ မီဇို ဘာသာစကားများဖြင့် ထုတ်ပြန်ထားပြီး၊ အခြား ဘာသာစကား အသစ်များဖြင့်လည်း ထုတ်ဝေသွားပါမည်။



## မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ရန် အိုင်စီစီ တရားလိုရှေ့နေ၏ တောင်းဆိုမှုက ဘယ်လိုအဓိပ္ပာယ်သက်ရောက်ပါသလဲ။

မင်းအောင်လှိုင်သည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိကြောင်း လုံလောက်သည့် အထောက်အထားများရှိသည်ဟု အိုင်စီစီတရားလိုရှေ့နေက ယုံကြည်သဖြင့် ဖမ်းဝရမ်းထုတ်ရန် တောင်းဆိုခြင်းဖြစ်သည်။ ယခုအခါတွင် အိုင်စီစီတရားသူကြီးများသည် အထောက်အထားများကို စိစစ်သုံးသပ်ပြီး မင်းအောင်လှိုင်သည် အိုင်စီစီ၏ တရားစီရင်ပိုင်ခွင့်အတွင်း ပြစ်မှုကျူးလွန်ခဲ့ကြောင်း "ယုံကြည်ဖွယ် အခြေခံအကြောင်းအရင်းများ ရှိ၊မရှိ"နှင့် ၎င်းအား တရားရုံးရှေ့မှောက်ခေါ်ဆောင်ရေးအတွက် ဖမ်းဝရမ်းထုတ်ရန် လိုအပ်မှု ရှိ၊မရှိ ဆုံးဖြတ်ရမည်ဖြစ်သည်။

အိုင်စီစီအဖွဲ့ဝင် နိုင်ငံပေါင်း ၁၂၅ နိုင်ငံသည် အိုင်စီစီတရားသူကြီးများ၏ အမိန့်များကို လိုက်နာဆောင်ရွက်ရန် ဝတ္တရားရှိပြီး၊ ဖမ်းဝရမ်းအမိန့်ကိုလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော်လည်း အိုင်စီစီအဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများသည် နိုင်ငံတကာဥပဒေအရ ဖမ်းဝရမ်းအမိန့်ကို လိုက်နာဆောင်ရွက်ရန် မလိုပါ။ အကယ်၍ ဖမ်းဝရမ်းထုတ်ပြန်ပါက အဖွဲ့ဝင်နိုင်ငံများက မင်းအောင်လှိုင်အား ဖမ်းဆီး၍ အိုင်စီစီထံ လွှဲပြောင်းပေးနိုင်ပြီး အိုင်စီစီတွင် တရားရင်ဆိုင်ရနိုင်သည်။ သို့သော် မြန်မာနိုင်ငံသည် အိုင်စီစီအဖွဲ့ဝင်မဟုတ်သဖြင့် အဆိုပါ ဖမ်းဝရမ်းအမိန့်ကို လိုက်နာရန် တာဝန်မရှိပါ။

တရားလိုရှေ့နေသည် မကြာမီလများအတွင်း နောက်ထပ်ဖမ်းဝရမ်းများ တောင်းဆိုရန်ရှိကြောင်း သတင်းပေးခဲ့သည်။ ယန္တရားသည် အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များစွာကို မျှဝေခြင်းဖြင့် တရားလိုရှေ့နေ၏ ငါးနှစ်ကြာစုံစမ်းစစ်ဆေးမှုကို ပံ့ပိုးကူညီခဲ့သည်။ ယင်းအထောက်အထားများအနက် အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာများနှင့် သက်သေများ၏ ထွက်ဆိုချက်များသည် အဓိကဖြစ်သည်။ သက်သေများသည် ယန္တရား၏ စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် တွေ့ဆုံပြီး ၎င်းတို့၏အချက်အလက်များကို အိုင်စီစီထံ မျှဝေရန် သဘောတူခဲ့ကြသည်။ စိတ်ထိခိုက်ဖွယ်ရာအဖြစ်အပျက်များကို ပြန်လည်ပြောပြပြီး၊ ၎င်းတို့၏ ထွက်ဆိုချက်များကို ထိန်းသိမ်းခွင့်၊ တဆင့်ပြန်လည်မျှဝေခွင့် ပေးအပ်ခဲ့သည့် သက်သေများအားလုံးကို ယန္တရားက အထူးကျေးဇူးတင်ရှိပါသည်။

## အိုင်စီစီ တရားလိုရှေ့နေ၏ တောင်းဆိုချက်မှာ ဘယ်ရာဇဝတ်မှုတွေ ပါဝင်သလဲ။

အိုင်စီစီတရားလိုရှေ့နေ၏ တောင်းဆိုချက်တွင် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အတွင်း ရိုဟင်ဂျာများအား နိုင်ငံပြင်ပသို့နှင်ထုတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းဖြင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် မင်းအောင်လှိုင်တွင် တာဝန်ရှိကြောင်း စွပ်စွဲထားသည်။ သို့သော် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအား ကျူးလွန်ခဲ့သည့် လတ်တလောရာဇဝတ်မှုများ မပါဝင်ပါ။

တရားလိုရှေ့နေ၏ တရားစီရင်ပိုင်ခွင့်အာဏာနှင့် လက်ရှိစုံစမ်းစစ်ဆေးမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နယ်နိမိတ်အတွင်း အနည်းဆုံး တစိတ်တပိုင်းဖြစ်ပွားခဲ့သော ရာဇဝတ်မှုများဖြစ်ရမည်ဟု ကန့်သတ်ထားသည်။ ဘင်္ဂလားဒေ့ရှ်သည် အိုင်စီစီ အဖွဲ့ဝင်နိုင်ငံ ဖြစ်သောကြောင့် ယင်းနယ်နိမိတ်အတွင်း ဖြစ်ပွားသည့် ပြစ်မှုများကို အိုင်စီစီက တရားစီရင်နိုင်သည်။ ယင်းအချက်ကြောင့် ဖမ်းဝရမ်းထုတ်ရန် တောင်းခံနိုင်သည့် ရာဇဝတ်မှုများတွင် ကန့်သတ်ချက်များရှိနေသည်။

**အိုင်စီစီ တရားလိုရှေ့နေ၏ ဖမ်းဝရမ်းထုတ်ရန် တောင်းဆိုချက်နှင့် နောက်ဆက်တွဲ အခြေအနေများအကြောင်း သိရှိလိုပါသလား။**

ယန္တရား၏ **အမေးအဖြေ** ကဏ္ဍမှာ အင်္ဂလိပ်၊ မြန်မာ၊ ရိုဟင်ဂျာ ဘာသာတို့ဖြင့် ဒေါင်းလုဒ်ရယူပြီး ဖတ်ရှုနိုင်ပါသည်။